# ချုပ်ချက်

# ပင်းတယမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချုပ်ချက်ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ချုပ်ချက်ကျေးရွာ
ပင်းတယမြို့နယ်

**ချုပ်ချက်ကျေးရွာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |

| | | |
|---|---|---|
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |


ကူးကော်ကျေးရွာအုပ်စု၊ ချုပ်ချုပ်ကျေးရွာ သယံဇာတအရင်းအမြစ်ပြမြေပုံ
မ
တ
ရည်ညွှန်းချက်
- ဘုန်းကြီးကျောင်း
- စာသင်ကျောင်း
- ရေကန်
- ရေလှောင်ကန်
- ရေထွက်
- အားကစားကွင်း
- အိမ်
- လက်ဖက်စိုက်ခင်း
- သစ်တော၊ ဝါးတော
- သဲတောင်
- ကတ္တရာလမ်း
- ကျောက်ချောလမ်း
- မြေသားလမ်း
ရက်စွဲ

## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ချုပ်ချက်ကျေးရွာသည် ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ်၏ အနောက်တောင်တန်းတွင် တည်ရှိပြီး သွားလာမှုလွယ်ကူသည်။ကျေးရွာတွင် ဓနုတိုင်းရင်းသားများ၊တောင်ရိုးတိုင်းရင်းသားများ အများစု နေထိုင်ကြပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေများမှာ ကျေးရွာနှင့်အလှမ်းကွာဝေးသောနေရာတွင် ရှိ၍ (၂)နာရီခန့် သွားရောက်ပြီးမှ လုပ်ကိုင် ရသော လုပ်ငန်းခွင်ဖြစ်သည်။မိုးတွင်းကာလတွင် လမ်းမကောင်း၍ ထွက်ကုန်များသယ်ယူရာတွင် နွားလှည်း များဖြင့် တတ်နိုင်သလောက် တင်ဆောင်ကာသယ်ယူရပါသည်။တောင်ကုန်းဒေသ ဖြစ်သောကြောင့် မိုးကောင်း ရေကိုအားထားစိုက်ပျိုးကြသည်။တစ်ခါတရံ မိုးခေါင်၍ စိုက်ပျိုးခင်းများ ပျက်စီးမှုကြုံရတတ်သည်။ လယ်ယာမြေများသည် စပါး၊ ပဲ၊ နှမ်း၊ အာလူး၊ မုံလာနှင့် လက်ဖက်တို့ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေး ဝမ်းကျောင်းရန် တို့အတွက် အဓိကအားထားရာ ဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတု ကောင်းမွန်ပါသည်။သို့သော် သစ်တောများပြုန်းတီး လာမှုကြောင့် ရာသီဥတု ဖောက်ပြားတတ်ပါသည်။သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့် ရှိကြပြီး တောင်တန်းဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာ၏ အနေအထားအရ အများဆုံးရနိုင်သည်မှာ သဲ၊ ကျောက်နှင့် သစ်ပင်၊ သစ်တော (၂) ဧကရှိသည်။တရိစ္ဆာန်များအတွက် နွားစားကျက် သတ်မှတ် ဧက ၅ ဧကခန့် တွေ့ရှိသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ ၁၆၇ ဧက ရှိပြီး စပါး၊ ပဲ၊ နှမ်း၊ အာလူး၊ မုံလာနှင့် လက်ဖက်တို့ကို အဓိက စိုက်ပျိုးကြသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှု အပိုင်းကို လေ့လာခြင်း အားဖြင့်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု မရှိပါ။အိမ်တိုင်းနီးပါး မြေယာအနည်းငယ်ကို ပိုင်ဆိုင်သည်ကိုတွေ့ရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ချုပ်ချက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၂)စုနှင့် ကျား(၁၄၂)၊ မ(၁၄၀)ဦးဖြင့် လူဦးရေ ပေါင်း(၂၈၂)ဦးရှိပါသည်။ကျေးရွာတွင် ဓနုတိုင်းရင်းသားများ၊ တောင်ရိုးတိုင်းရင်းသားများ အများစု နေထိုင် ကြသည်။အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး ၇၁.၆ % ရှိပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေမှာများစွာ ကွာခြားမှုမရှိသည့်အတွက် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမို အထောက်အအကူပြု စေနိုင်ပါမည်။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှု အဖွဲ့တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး ၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်မြန်မာ ချေးငွေအဖွဲ့နှင့် ရွှေခနေ ဖွံ့ဖြိုးရေးအဖွဲ့ တို့ရှိပြီး ကျေးရွာ၏ ချေးငွေနှင့် စိုက်ပျိုးရေးပညာ၊ လူမှုရေးပညာပေး၊ ကျန်းမာရေးပညာ၊ စာရင်းကိုင်ပညာစသည့်တို့ကို တစ်လတစ်ခါအနည်းဆုံး လာရောက် ဆွေးနွေးပေးသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ချုပ်ချက်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ယာမြေ(၇၅)ဧက၊ ဥယာဉ်ခြံမြေ (၂၅)ဧက၊ အိမ်ခြံဝင်းစိုက်ခင်း (၆၇)ဧက စုစုပေါင်း(၁၆၇)ဧက ရှိပါသည်။မြေယာမဲ့ အိမ်ထောင်စု မရှိပါ ။၂.၅ဧက အောက် ဆင်းရဲသားတောင်သူ(၃၇)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် (၁၉)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ်(၆)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ ပဲ၊ နှမ်း၊ အာလူး၊ မုံလာနှင့် လက်ဖက် စသည့်သီးနှံမျိုးစုံများကို စိုက်ပျိုးကြသည်။ မြေယာမဲ့ အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စု များမှာ နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာ ဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ် မူတည်နေပါသည်။ဆန်စပါးကို ဝမ်းစာဖူလုံရေး အတွက်စိုက်ပျိုးကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများ ရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။အဓိကအားဖြင့် စပါး၊ ပဲ၊ နှမ်း၊ အာလူး၊ မုံလာနှင့် လက်ဖက် စသည့်သီးနှံမျိုးစုံများကို စိုက်ပျိုးကြသည်။ ကျေးရွာတွင် လယ်ယာသုံးပစ္စည်းများ ပိုင်ဆိုင်မှုမရှိပါ။ကျေးရွာ၏ လုပ်ငန်းများတွင် လယ်ထွန်စက် ငှါးရမ်း သုံးစွဲကြပြီး ထွန်ယက်ငှါးရမ်းခ တစ်နာရီ(၂၀၀၀၀)ကျပ် ငှါးရပါသည်။ အနည်းဆုံး နှစ်ကြိမ် ထွန်ယက်ငှါးရမ်းပြီးမှ စိုက်ပျိုးနိုင်သည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓါတု ပိုးသတ်ဆေး စသည်များကို အောင်ပန်းမြို့နှင့် ပင်းတယမြို့တို့တွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံဈေးကွက် နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့်

ရောင်းချနိုင်ကြသည်။စိုက်ပျိုးမြေများတွင် မြေဆီလွှာ ပျက်စီးခြင်း၊ ပိုးမွှားရောဂါများ ကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးပစ္စည်း မလုံလောက်ခြင်းများရှိနေပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေး မကောင်းခြင်း၊ စိုက်ပျိုးရေး ဓါတုမြေဩဇာအသုံးပြုမှု နည်းမမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ ဈေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ချုပ်ချက်ကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၃၁)စုရှိပြီး နွားကောင်ရေ(၁၂၈)ကောင်၊ ဝက်မွေးမြူထားသောအိမ်ထောင်စု(၁၇)စုရှိပြီး ဝက်ကောင်ရေ(၂၅)ကောင်ရှိပါသည်။ရွာတွင် တပိုင်တနိုင်သာ မွေးမြူကြသည်။အစာခက်ခဲသောကြောင့် နွားအနည်းဆုံး ၂ကောင်သာမွေးမြူကြသည်။

ကျေးရွာတွင် စားကျက်မြေ ဧရိယာ ကျယ်ပြန့်စွာ ရရှိသည် သာမက နွေရာသီတွင် ရေလုံလောက်မှု မရှိပါ။အိမ်ခြံဝင်းအတွင်း၌လည်း မြေနေရာ လုံလောက်စွာ ရရှိပါသည်။ဈေးကွက် အခွင့်အလမ်း ကောင်းများစွာ ရရှိပါသည်။ သို့သော် သွင်းအားစု ဈေးကွက်မြင့်မားပြီး မျိုးတိရစ္ဆာန် လက်လှမ်းမီမှု မရှိသလို ချေးငွေများလည်း မရရှိပါ။ထို့ကြောင့် ထုတ်ကုန်ရောင်းဝယ်မှု မရရှိနိုင်ပါ။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသော်လည်း ချေးငွေများ မရရှိနိုင်၍ အခက်အခဲများစွာ ရင်ဆိုင်နေကြရပါသည်။ဒေသရှိ နွားများ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း နိမ့်ပါးနေပါသည်။ နို့စားနွားများ မွေးမြူသော်လည်း နွားကျောင်းသား မရှိသည့် အတွက် တို့ချဲ့ မွေးမြူနိုင်ရန် မလွယ်ကူသည့်အပြင် နည်းစနစ် မှန်ကန်စွာ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးနိုင်သူ မရှိပါ။

## (ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

## (ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင်ရောက် လုပ်ကိုင် ကြပါသည်။အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက် အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အားလုံးနီးပါး ဆိုလာစနစ်ဖြင့် အသုံးပြုနေကြပြီး အချို့သောအိမ်ထောင်စုများမှာ ကောင်းမွန်စွာ အသုံးပြုနိုင်ပေမယ့် မိုးရာသီ၌ လုံလောက်စွာ အသုံးပြုနိုင်ခြင်း မရှိပေ။ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ ဈေးကွက်လေ့လာနိုင်မှု အားနည်းခြင်း၊ ကုန်စည်တင်ပို့ရောင်းချရာတွင် ဈေးနှုန်းများ မှန်ကန်မှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတောင်သူများသည် မြန်မာ့ဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း(၆၇)ပြားနှုန်းဖြင့်လည်းကောင်း သမအသင်းမှ (၁.၅)ကျပ်နှုန်းဖြင့်လည်းကောင်း ချေးငွေကာလ(၆)လ သတ်မှတ်နှုန်းဖြင့် အများဆုံး ဆယ်သိန်း အထိ ချေးယူကြသည်။အချို့မှာဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူ ကြသည်။ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာ ပြန်လည်ပေးဆပ်ကြသည်။ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြားမှုကြောင့် ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစု စားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။ အကြွေးတင်ရှိမှုအနေဖြင့် ၃၀၀၀၀၀ကျပ်မှ ၁၀၀၀၀၀၀ ကျပ်အထိ ချေးယူထားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် ကျောက်ချောလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနေကြရပါသည်။ကျေးရွာ၏ ကျောက်ချောလမ်းတွင် မိုးကောင်းရေကျလာသောအခါ ရေကျော်တံတား ရှိခြင်းကြောင့် ရေတိုက်စားမှုမရှိကြောင်း တွေ့ရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးသုံးစွဲသော သုံးစွဲသော အိမ်ထောင်စု(၅၅)စုနှင့် ဒီဇယ်သုံးအင်ဂျင်(၃)စု ရှိပါသည်။လျှပ်စစ်မီး မသုံးစွဲနိုင် သောကြောင့် ကျောင်းသူ/သားများ စာကျက်ချိန်တွင် အခက်အခဲရှိခြင်းနှင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူမှုများရှိနေပါသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများ ပြုန်းတီး လာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။

## (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၂၄)လုံး၊ တီဗွီ(၄)လုံးတို့မှ ရရှိပါ သည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေး တို့အတွက် အဆင်ပြေပါသည်။

## (ဃ) ပညာရေး

ကျေးရွာတွင်းရှိ မူလတန်းကျောင်းမရှိသောကြောင့် မူလတန်းပညာကို (၁)ဖာလုံ ကွာဝေးသည့် ရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ကျောင်းဆောင်အနေအထားမှာ ကောင်းမွန်ပါသည်။ကျောင်းသားဦးရေ (၁၆၀)ရှိပါသည်။ကျေးရွာ(၃)ရွာပေါင်း (၁)ကျောင်းဖြစ်သည်။ယခုအခါ ကျောင်းသားများလာသောကြောင့် ကျောင်းဆောင်တိုးချဲ့ရန် လိုအပ်လာပါသည်။အလယ်တန်း၊ အထက်တန်းပညာကို ဝါးပြားကျေးရွာသို့ သွားရောက် သင်ကြားကြရသည်။လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေး လာကြသော်လည်း ယခင်အချိန် က ပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်မှု ရှိကြပါသည် မြို့ပြနှင့်နီးခြင်းကြောင့် ပညာရေး အဆင့်အတန်း အတန်အသင့် ရှိပါသည်။အထက်တန်း၊ တက္ကသိုလ်ပညာ တတ်မြောက်သူများလည်းရှိပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ချုပ်ချက်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးသည့် ရှမ်းရွာ ကျေးလက်ကျန်းမာရေးဌာန၊(၃)မိုင်ခန့် ကွာဝေးသည့် ပွေးလှ တိုက်နယ်ဆေးရုံတွင် ရရှိနိုင်ပါသည်။ ရွာသူ/သား များတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပဲ သာမန်ရာသီအလိုက် ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေးတိုးတို့သာ အဖြစ်များပါ သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ပွေးလှတိုက်နယ်ဆေးရုံသို့လည်းကောင်း ၊ ပင်းတယမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသမှုခံယူကြ ရပါသည်။ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ် နေပါသည်။

ကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ စိမ့်စမ း်ေဂကို အမှီပြုနေထိုင်နေကြရပါသည်။နွေရာသီတွင် စိမ့်စမ်းရေထွက်နည်းပါးမှုကြောင့် နွေလ(၃)လရေအခက်အခဲနှင့် ကြုံတွေ့ကာ ရေဝယ်သုံးနေရပါသည်။

ချုပ်ချက်ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုသော အိမ်ထောင်စု (၄၁)စု၊ ကျင်းအိမ်သာ အသုံးပြုသောအိမ်ထောင်စု (၁၄)စုမြေပေါ်အိမ်သာ အသုံးပြုသော အိမ်ထောင်စု (၇)စု ရှိပါသည်။ အချို့ ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုသည် ကျင်းတက်နှင့်မြေပေါ်အိမ်သာ

ကိုအသုံးပြုကြသည်။ကျန်းမာရေး အတွက်ကြိုတင်ကာကွယ်သော အနေဖြင့်ကျေးရွာသူ/သားများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကြီးမားစွာကျရောက်မှုမရှိပါ။ ဘေးအန္တရာယ် ကျရောက်လာပါလည်း ကာကွယ်ရန်နည်းလမ်းများလည်း ထားရှိမှုမရှိပါ။အမှိုက်စွန့်ပစ်ရာ တွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ပညာပေးရန်လိုအပ်နေပါသည်။ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှုမရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုနည်းပါးပါသည်။ကျေးရွာအုပ်ချုပ်ရေး ပိုင်းတွင် အမျိုးသမီးပါဝင်မှုမရှိသလောက်နည်းပါးသော်လည်း ကျေးရွာ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ် ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အသွေးကို လျော့ကျစေပါသည်။အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး ၊အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်၍ အမျိုးသမီးများပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

## ၁၀။ ချုပ်ချက်ကျေးရွာ  ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – ကူးကော် | | ကျေးရွာအမည်  – ချုပ်ချက် | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | နှစ်တို၊နှစ်ရှည်သီးနှံများ စိုက်ပျိုးခြင်း | မျိုးကောင်းမျိုးသန့် | မျိုးကောင်းမျိုးသန့်(လက်ဖက်စို၊အာလူး) | |
| ၂ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေး ဝန်ဆောင်မှုများ | အရင်းအနှီး(စိုက်ပျိုးရေး) | |
| ၃ | လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် စက်မှုလယ်ယာ | စက် | ထွန်စက်ပံ့ပိုးပေးခြင်း | |
| ၄ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေး ဝန်ဆောင်မှုများ | လက်သမား၊ပန်းရံပစ္စည်းပံ့ပိုးပေးခြင်း | |
| ၅ | ကျေးလက်ရေပေးဝေရေး | သဘောက်သုံးရေ | ရေလှောင်ကန်ဟောင်းပုပြင်ခြင်း | |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ချုပ်ချက်-အုံတုံပင်လမ်းကျောက်ချော ခင်းခြင်း | |
| ၇ | အခြေခံ အဆောက်အဦ | ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ရကျော်ေတံတား(၃)စင်း | |

| | | | | |
|---|---|---|---|---|
| ၈ | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | အသက်မွေးဝမ်းကျောင်းသင်တန်း (စက်ချုပ်၊ လက်သမား၊ စက်ပြင်၊ ကွန်ပျူတာ) | |
| ၉ | အားကစားနှင့် ကာယပညာရပ်ဆိုင်ရာ၊ အားကစားကွင်း၊ အားကစားပစ္စည်း | အားကစား | အားကစားကွင်းဖော်ဆောင်ခြင်း | |
| ၁၀ | လူငယ့်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက်(၁၈'x၂၈'x ၁၂') | |

နောက်ဆက်တွဲ(၁)

ချုပ်ချက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မိုး | ဦးထွန်းမှီ | ၁၃/ပတယ(နိုင်)၀၂၈၈၅၃ | ၄၃ | ဥက္ကဋ္ဌ | ၀၉-၇၈၂၉၁၈၆၃၉ | |
| ၂ | ဦးချစ်သင်း | ဦးလွန်းတင် | ၁၃/ပတယ(နိုင်)၀၂၅၆၈၀ | ၄၂ | စာရင်းကိုင် | | |
| ၃ | ဦးညီလင်းအောင် | ဦးဆောင် | ၁၃/ပတယ(နိုင်)၀၅၄၁၇၄ | ၃၅ | ဘဏ္ဍာရေးမှူး | | |
| ၄ | ဦးဇော်ဝင်းမောင် | ဦးအောင်ကြည် | ၁၃/ပတယ(နိုင်)၀၅၈၆၈၄ | ၁၉ | သော့ကိုင် | ၀၉-၇၉၁၈၄၃၈၈၄ | |
| ၅ | ဦးမြအောင် | ဦးသင့် | ၁၃/ပတယ(နိုင်)၀၂၆၀၂၁ | ၄၅ | အဖွဲ့ဝင် | | |
| ၆ | ဒေါ်အေးမွန် | ဦးအောင်သန်း | ၁၃/ပတယ(နိုင်)၀၅၈၆၃၀ | ၁၈ | စာရင်းစစ် | | |
| ၇ | ဦးတိုးငယ် | ဦးသွယ် | ၁၃/ပတယ(နိုင်)၀၅၁၃၅၆ | ၅၀ | အဖွဲ့ဝင် | | |

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ချုပ်ချက်)ကျေးရွာ

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လက်ဖက်၊အာလူးအထွက်နှုန်း လျော့နည်းခြင်း၊ ဝင်ငွေနည်းပါးခြင်း | မျိုးမကောင်းခြင်း၊မျိုးကောင်း မျိုးသန့်မရှိခြင်း | | | သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်မည်။ | မျိုးကောင်းမျိုးသန့်(လက်ဖက်စို၊အာလူး) |
| ၂ | စိုက်ပျိုးရေး ပုံမှန်မလုပ်နိုင် | အရင်းအနှီးမလုံလောက်ခြင်း | | | ချေးငွေရရှိနိုင်သောအဖွဲ့များနှင့် ချိတ်ဆက်ခြင်းစိုက်ပျိုးရေးမှ ဝင်ငွေရရန် | အရင်းအနှီး (စိုက်ပျိုးရေး) |
| ၃ | ရေတိုက်စားမှုဖြစ်နေခြင်း | မြေပြင်ရန်စက်ပစ္စည်းမရှိခြင်း | | | သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်မည်။ | ထွန်စက်ပံ့ပိုးပေးခြင်း |
| ၄ | အလုပ်အကိုင်ရှားပါးခြင်း ဝင်ငွေနည်းပါးခြင်း | ဝင်ငွေလုပ်ငန်းအတွက် နည်းပညာမရှိခြင်း၊ပစ္စည်းကိရိယာ လုံလောက်စွာမရှိခြင်း | | နည်းပညာမသိ | အရင်းအနှီးခေတ်မှီပစ္စည်း နည်းပညာများရရှိအောင် ဆောက်ရွက်သွားမည်။ | လက်သမား၊ပန်းရံပစ္စည်းပံ့ပိုးပေးခြင်း |
| ၅ | သောက်ရေ၊သုံးရေခက်ခဲခြင်း၊ ရေမလုံလောက်ခြင်း | ရေကန်ရေမလုံခြင်း | | | ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍ အကူအညီ တောင်းခံမည်။ | ရေလှောင်ကန်ဟောင်းပြုပြင်ခြင်း |
| ၆ | မိုးရာသီတွင်စက်များသွားလာသည့်အခါခက်ခဲ | ရွာတွင်လမ်းမကောင်းခြင်း | ရွာတွင်လုပ်အားပေးခေါ်ယူရန်လွယ်ကူသည်။ | ကိုယ်ထူကိုယ်ထလုပ်ဖို့ ငွေအားမတတ်နိုင်ပါ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ဆောင်ရွက်ပါမည်။ | ချုပ်ချက်-အုံတုံပင်လမ်းကျောက်ချောခင်းခြင်း |
| ၇ | မိုးရာသီတွင်ရေကျော်မရှိခြင်းကြောင့်ရေတိုက်စား၍ပျက်စီးနိုင် | ရွာတွင်းလမ်းရေကျော်မရှိခြင်း | ရွာတွင်လုပ်အားပေးခေါ်ယူရန်လွယ်ကူသည်။ | ကိုယ်ထူကိုယ်ထလုပ်ဖို့ ငွေအားမတတ်နိုင်ပါ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ဆောင်ရွက်ပါမည်။ | ရေကျော်တံတား(၃)စင်း |
| ၈ | အလုပ်အကိုင်ရှားပါးခြင်း ဝင်ငွေနည်းပါးခြင်း | ဝင်ငွေလုပ်ငန်းအတွက် နည်းပညာမရှိခြင်း | သင်တန်းတက်ရန် လူငယ်များရှိသည် | နည်းပညာမသိ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ဆောင်ရွက်ပါမည်။ | အသက်မွေးဝမ်းကျောင်းသင်တန်း (စက်ချုပ်၊ လက်သမား၊ စက်ပြင်၊ ကွန်ပျူတာ) |

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ကောင်းများ | အဟာန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၉ | လူငယ်များမကစားရပါ ကိုယ်လက်လှုပ်ရှားမှုမပြုလုပ်နိုင်ပါ | အားကစားကွင်းမရှိခြင်း | အားကစားကွင်းလုပ်ရန်မြေနေရာရှိ | ကိုယ်ထူကိုယ်ထလုပ်ဖို့ငွေအားမတတ်နိုင်ပါ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ဆောင်ရွက်ပါမည်။ | အားကစားကွင်းဖော်ဆောင်ခြင်း |
| ၁၀ | စာကြည့်တိုက်မရှိသောကြောင့်ရွာသူရွာသားများ အသိပညာဗဟုသုတနည်းပါး | ကျေးရွာစာကြည့်တိုက်မရှိခြင်း | စာကြည့်တိုက်ဆောက်ရန်မြေနေရာရှိသည် ကျေးရွာလုပ်အားပေးမည်။ | ကိုယ်ထူကိုယ်ထလုပ်ဖို့ငွေအားမတတ်နိုင်ပါ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ဆောင်ရွက်ပါမည်။ | စာကြည့်တိုက်(၁၈'x၂၈'x ၁၂') |

**နောက်ဆက်တွဲ(၄)**

ချုပ်ချက်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

| စဉ် | အဆိုပြု လုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ချုပ်ချက်-အုံတုံပင်လမ်းကျောက်ချော ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ရေကျော်တံတား(၃)စင်း | ၂ | | ✓ | ✓ | | |
| ၃ | ရေလှောင်ကန်ဟောင်းပြုပြင်ခြင်း | ၃ | ✓ | ✓ | | | |
| ၄ | လက်သမား၊ပန်းရံပစ္စည်းပံ့ပိုးပေးခြင်း | ၄ | | | ✓ | ✓ | ✓ |
| ၅ | စာကြည့်တိုက်(၁၈'x၂၈'x ၁၂') | ၅ | | | | ✓ | ✓ |
| ၆ | ထွန်စက်ပံ့ပိုးပေးခြင်း | ၆ | | | | ✓ | ✓ |
| ၇ | အရင်းအနှီး(စိုက်ပျိုးရေး) | ၇ | ✓ | ✓ | ✓ | ✓ | ✓ |
| ၈ | မျိုးကောင်းမျိုးသန့်(လက်ဖက်စို၊အာလူး) | ၈ | ✓ | ✓ | ✓ | ✓ | ✓ |
| ၉ | အသက်မွေးဝမ်းကျောင်းသင်တန်း (စက်ချုပ်၊ လက်သမား၊ စက်ပြင်၊ ကွန်ပျူတာ) | ၉ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၀ | အားကစားကွင်းဖော်ဆောင်ခြင်း | ၁၀ | ✓ | ✓ | ✓ | | |